# သခင့်စကား
The LORD's Word
ဝိညာဉ်ရေး ရာ စာစောင်


ငါ့ကို ချစ်သော သူသည် ငါ့စကား ကို နား ထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လဲ သူ့ဆီသို့ကြွ၍ နေ ရာ ချမည်။ ယော ၁၄း ၂၃


အမှတ်စဉ် (၈၉) ဇန္နဝါရီလ ၂၀၀၉ ခုနှစ် ခမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## အုတ်တစ်ချပ်သဲတစ်ပွင့် — နန်း ရထိုက် (က.န.ခ)



တစ်ချို့က ဝေဖန် ၊ ကာရန်မလှ စာစီမကျလို့ ဖတ်လို့ မကောင်းဘူးတဲ့။
တစ်ချို့က ပြောသံ ၊ မရေးတတ် ရေးတတ် ပေါက်တတ်ကရမို့ မရှက်ဘူးလားတဲ့။
ဝေဖန်ရှုတ်ချ ပြောသံများတော့ ငါ့စိတ်ဓါတ်တွေအကြိမ်ကြိမ် ပြိုလဲ။
မြေပေါ်မှာ ခဝါကျလို့ ကရာနီကုန်းထက် သွေးစက်တွေနဲ့
ဆူးသရဖူနဲ့ ဒဏ်ရာတွေကြား ခွင့်လွှတ်အပြုံး သည်းခံစိတ်နဲ့
သခင် ပုံသက်သေကောင်း ထားခဲ့တယ်။ ထို့ကြောင့် အင်အားသစ်တွေရှိလာတယ်။
ပညာမတတ် အသိတရား မကြွယ်ပေမယ့်၊ ကိုယ့်စွမ်းမဲ့ သော်လည်း
သခင်သာ သုံးမယ်ဆိုရင် ၊ သုညဖြင့် အသုံးတော်ခံရင်း
သခင့်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်နဲ့ ပါဝင်ဆက်ကပ်တော့မယ်။



## သတင်းမှာအလင်းပါလေမှ — SAMUEL SOE LWIN (ကလေးမြို့ ချင်းပြည်နယ်)

ဘုရားရဲ့သားဟု သင်ဆိုငြားလျှက် ၊ ရှေ့နောက် မညီ ပြုကျင့်လေက
ကင်းမဲ့ ဩဇာ သင့်ဖြစ်ဟန် အမှန် ၊ စာတန် နောက်ဆုတ်ဟု ဟိတ်ဟန်ထုတ်လည်း
အညီရှိရာ သင် စိတ်သာတော့ ၊ စာတန်ကတော့ လှောင်မှာပေါ့ ။
ကယ်တင်ခြင်းတရား လောက ကကြားလည်း၊သင့်ဘဝမှာလေ အညီတွေ ပေနေတော့
လောကသားတို့က ပယ်မှာပေါ့ ။ အသက်ရှင်ဘုရားသား အသက်ဝင် ငြားလျှက်
ပြောပြုရာတွေအမှန်ညီထွေမှ။စာတန်ကလည်း ဖြုံမှာပေါ့။ လောကသားလဲ ယုံမှာပေါ့။

---

## နှစ်သစ်ကူး ည (မင်းထွန်းသက်လွင်)

စိန်ပန်းပင် အရိုးကဲ့အောက်က၊ နှစ်သစ်ကို ကြိုရအောင်၊ လာခဲ့ ဆွေနောင်၊
ဘုရားကျောင်းအိုဝယ်လာကြတဲ့သူမစဲ၊လုပ်အားပေးကာလှောင်လိုက်ကြပေါ့၊နောက်ပိုးသူဇွဲ။
ညချမ်းချိန် မှောင်ရီပျိုးတော့၊ ထင်းရှာသူ ထင်းခုတ်လို့
ဆန်ပြုတ်အိုး တည်သူ တည်၊ အလုပ်များလှတယ်။
ထင်းမီးပုံ မငြိမ်းခင်၊ မီးရောင်ကိုမြှင့်။ ခူဝံကြယ်ခေါင်းထွက်ပြူမှ၊ကစားရန် အသင့်။
ညဇီးကွက် အော်သံကြားတော့၊ လိပ်ဥဖွက် ကစားရန်။ ဆန္ဒပြင်းထန်၊
မြောက်ပြန်လေ ကပိုကရို တချက်အဟေ့။



အေးစိမ့်လို့တုန်ရီကာ၊ ကြက်သီးက ထတယ်လေ့။
ဘုရားကျောင်းက ခေါင်းလောင်းသံ၊ မိုးလုံးပြည့်လျှံ။ တိတ်ဆိတ်စွာ
ဝတ်ပြုလိုက်ကြတော့၊ နှစ်သစ်မှာအကောင်းဆုံး အသက်ရှင်မယ်ပေါ့။
နှစ်သစ်ကူးတိုင်း မကစားနိုင်သူ“ကြီးဒေါ်”က ဆူ၊
“ညည်း” နော် အပျိုဖော် ဝင်ပြီတဲ့။ ချောက်တွန်းသူတွေက တစ်ဖက်။
လက်ဖက်သုပ် ရေနွေးကြမ်းနဲ့၊ လူကြီးဝိုင်းက ဘကြီးတော် မပြန်နိုင်ဘူးနော်။
မမလေးအလစ်ချောင်း ကစားချင်လေရော့။ ကာလသား ထိုတစ်သိုက် ဝိုင်းစလှပေါ့။
ကိုလူပျို စွမ်းရည် ပြလို့၊ ကစားဝိုင်း ချာချာလည်။ ဝိုင်းငြင်းကြတယ်၊
လုံမပျိုရယ် မခေတဲ့ အသံပြဲ။ တိတ်ဆိတ်မှောင် သန်းခေါင်ကျော်ကို၊ ထိုးဖောက်လို့ ခွဲ။
လင်းကြက်တွန် အော်သံကြားတော့၊ ကစားဝိုင်း သိမ်းကြရန်၊
ရောင်နီက လျှံ၊ စကားတွေ ညံ၊ နေမင်းကို စိတ်ဆိုး၊
နှစ်သစ်ကူး ဒီတစ်ညကိုဖြင့် တမ်းတကာ ဆိုချင်ရဲ့ မှန်းဆ စေဗျိုး ။



---

## ဆုံဆည်းမည့်နေ့ (ခင်မာ)ပုသိမ်

တမာတွေ စီစီဖူး ၊ အသွင်ထူးတဲ့ အညာမြေ။
သရဖီ၊ သဇင်၊ ဖွန်ပန်းရုံဆီက လေယူရာယိမ်း၊ သင်းရနံ့ ကြိုင်ကြိုင် ဝေ။
ထနောင်းနဲ့ တောင်ထန်းပင်ဆီမှ ဥဩလေးရဲ့ မြည်သံတွေ။
ဧရာဒီ မြစ်ကမ်းဘေးက တို့သွားဖူးတဲ့ ခြေရာမြေ။
စာသင်ဆောင် အခန်းတွေကြား လေသံဝဲဝဲနဲ့ စာအံသံလေး သာယာနေ။
ဒီဇင်ဘာ ခရစ်စမတ်ရောက်တိုင်း ကယ်ရီစင်းငင်း လှည့်ဆိုကြတဲ့သူငယ်ချင်းတို့ရေ။
တာဝန်တွေ ကိုယ်စီထမ်း တစ်မြေခြားနေကြပေ။
အခုနေ ခြေမဆုံ နိုင်သေးသော်လည်း အလွမ်းတွေက တစ်သက်မပြေ။
တောင်းကြလေ့၊ တောင်းလျှင်ရမည်ဆိုတဲ့ ခရစ်တော် ကတိစကားကြောင့်
တစ်နေ့တော့ တို့တစ်တွေ ဆုံဆည်းနိုင်ကြမှာပါ အဆွေ။ ။



---

## သုံးပါးတစ်ဆူ (နော်နော်)

ခမည်းတော်၏ ပေးဆပ်ခြင်း ၊ ယောသပ် အချစ် သန့်ရှင်းကာ
မာရိသစ္စာ တည်ကြည်လျှက် မီးရှူးသန့်စင် သူငယ်တော်ရဲ့
လိုက်လျောလွန်းတဲ့ ပေးဆပ်မှုနဲ့ စောင့်စည်းခဲ့တယ်။
သန့်ရှင်းစွာဖြင့် သစ္စာတရားကို တန်ဖိုးထားလို့
နက်ရှိုင်းလွန်းတဲ့ သွန်းမေတ္တာကြောင့်
အရင်းမစိုက် ရရှိခဲ့တဲ့ ၊ အပြစ်အခ ကယ်တင်ခြင်းအကြောင်း
ကမ္ဘာလူသား ဥပေက္ခာပြုလည်း ၊ အပြစ်သား ငါ ဝန်ချခြင်းဖြင့်
သန့်ရှင်းလွန်းတဲ့ ပေးဆပ် သစ္စာ ၊ သွန်းမေတ္တာအတွက်
ခမည်းတော် ၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်ဖြင့် ။ နော်နော်



---

## ခြားနားချက် (ဆိုင်းတောင်)

-ဘဝမှာ အရာအားလုံး ပြည့်စုံနေပြီး၊ ဘုရားသခင်နဲ့အတူ ရှိ မနေခဲ့ရင် သင်၌ လိုအပ်နေအုံး မည်သာ ။ (ရှင်မဿဲ ၁၆း၂၆)။
-ဘဝမှာ အရာအားလုံး မရှိတော့ရင်တောင် ဘုရားသခင်နဲ့အတူသာ ရှိနေရင် သင်၌ ပြည့်စုံ ဝမ်းမြောက် နေရမည်သာ ။(ယောဟန် ၆း၃၅)။
-ထို ဘုရားသခင်ကို သိကျွမ်းဖို့ နှလုံးသား တံခါး ဖွင့်ကြစို့လား။ (မ ၇း၈)

---

## သက်သေခံချက် (ညောညော)

မြန်မာပြည်သားများ စုဝေးရာ ဗိမ္မာန်တော်ကို မသွားရပေမယ့် စိတ် ဓါတ် မကျပဲ သမ္မာကျမ်းစာနဲ့ ခွန်အားယူပြီး ကျွန်တော် အပတ်စဉ် သူဌေးနဲ့သွား ခွင့်ရတဲ့ ဘုရားကျောင်းကို သွားရတာကိုပဲ ကျေးဇူးအများကြီး တင်မိပါတယ်။ ဘုရားရှင်က မည်သည့်နေရာပဲဖြစ်ဖြစ် သူ့ကိုစိတ်နှလုံး တလုံးတဝတည်း ဆက်ကပ် အပ်နှံဝတ်ပြုမှုရှိရင် ကျေနပ်မှာပါ။ အပြင် မထွက်ရတော့ပေမယ့် စိတ်ဓါတ် မကျတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ဘုရားကိုလွတ်လပ်စွာ ကိုးကွယ် ဝတ်ပြုပြီး ကျမ်းစာဖတ်ခွင့်ရတာကို ကျေးဇူးတင်ပါတယ်။ စင်ကာပူမှာ အလုပ် လာလုပ်ကြတဲ့ မိတ်ဆွေ သူငယ်ချင်းတွေကို ကျွန်တော်စိတ်ဓါတ်မကျဖို့ ပြန်ပြီး တိုက်တွန်းချင်ပါတယ်။ ကျွန်တော် သွားတက်ခွင့်နေရတဲ့ ဘုရားကျောင်းမှာ ဆရာတစ်ပါးရဲ့ ဟောကြားတဲ့ ကျမ်းချက်လေးရဲ့ သူ့ရဲ့ဘဝကို အားကျနှစ်သက်ပြီး ခွန်အားတွေ အများကြီးရသလို ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ကိုယ့်ကိုယ်ကို ပြန်ပြီး နောင်တရမိတယ်။ ဘာကြောင့် လဲဆိုရင် ကျွန်တော်ဟာ ကိုယ်အင်္ဂါ ပြည့်စုံရဲ့သားနဲ့ ပညာကိုဆုံးခန်းတိုင် မသင်ယူခဲ့သလို ဘဝမှာ အမည်းစက်ကြီး ထင်ကျန် နေတာကိုပဲ နောင်တကြီးစွာရခဲ့တယ်။ အဲဒီ နေ့က တရားဟောကြားတဲ့ ဆရာဟာ ခြေရော လက်ရော မရှိတဲ့ ဒုက္ခိတ ဆရာတစ်ဦးပါ။

ဟောကြားတဲ့ ကျမ်းချက်က ဖိလိပ္ပိ ၄း၆–၇ ယောဟန် ၃း၁၆ ဆိုတဲ့ ကျမ်းလေးနဲ့ ဟောကြားသွားတယ်။ သူ့ဘဝမှာ ကိုယ်အင်္ဂါ မပြည့်စုံပေမယ့် စိတ်ဓါတ် မကျတော့ပါဘူးတဲ့။ ဘာကြောင့်လဲဆိုရင် ဘုရားရှင်က သူ့ကို မြင်နိုင်တဲ့စွမ်းအင်ပေးသလို ဉာဏ်ပညာခွန်အားများကိုလည်း ပေးထားတဲ့အတွက် ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ဝမ်းမြောက် ဂုဏ်ယူစွာ ချီးမွမ်းမိပါတယ်တဲ့။ အခု သူက တက္ကသိုလ်ပညာရပ်ကို ပြီးဆုံးသွားသလို ဘုရားရှင်ရဲ့အမှုတော် သာသနာမြတ်လုပ်ငန်းကို နယ်လှည့် ထမ်းဆောင် ဝေငှခွင့်ရတဲ့အတွက်ရယ် သိက္ခာတော်ရ ဆရာတစ်ပါးအဖြစ်သို့ ရောက်ရှိလာအောင် ပို့ဆောင်လမ်းပြ ကူညီခွန်အားပေးတဲ့အတွက် ဘုရားရှင်ရဲ့အမှုတော် သာသနာမြတ်လုပ်ငန်းကို သက်ဆုံးတိုင်အောင် လုပ်ဆောင်သွားမယ်လို့ ပြောကြားသွားခဲ့ပါတယ်။ ကျွန်တော် သူ့ရဲ့ ပြောကြားချက်ကို နာယူရတော့ ဝမ်းသာ ဝမ်းနည်းဖြစ်ပြီး ခွန်အားတွေ ပြည့်ဝခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်လို စင်ကာပူမှာ ခွင့်ရက် မရှိတဲ့သူတွေကို ပြန်ပြီး အားပေးလိုက်ချင်ပါတယ် စိတ်ဓါတ်မကျပါနဲ့လို့။ လိုချင်တာကို ဘုရားထံမှာ တောင်းလျှောက်ရင် ရလိမ့်မယ်။ နားနေတဲ့ အချိန် နာရီလေးမှာ ဘုရားနဲ့အာရုံပြုဆုတောင်း သမ္မာကျမ်းစာကို မှတ်ရှု ဖတ်သားနာယူ ပါလို့။ တနေ့တချိန်မှာ ဖြစ်ချင်တဲ့အရာကို ဘုရားရှင်က အချိန်တန်ရင်ပေး ပါလိမ့်မယ်။ အောင်မြင်မှုကိုလိုချင်ရင် အခက်အခဲဒုက္ခတွေကို ခဏတာ ခံရလိမ့်မယ်။ နောက်မှ ဒီအရာတွေကို ကျော်လွှားအောင်မြင်ခြင်း ဆိုတဲ့ ခွန်အားတွေ ပြည့်ဝ လာလိမ့်မည်။ အလုပ်လုပ်နေတဲ့အချိန်မှာလည်း တခြားသူတွေကို အမုန်း မပွားဘဲ ချစ်ခြင်း မေတ္တာ၊ သည်းခံခြင်းတရား ထားပါလို့။ ဒါမှ ပျော်ရွှင်ငြိမ်သက်မှုကို ခံစားရပါလိမ့်မယ်။ ကျွန်တော်ဟာ အခုဆိုရင် အဲဒီအတိုင်းလုပ်ဆောင်နိုင်ဖို့ ဘုရားမှာ ဆုတောင်းတာ ဘုရားရှင်က ပေးသနားတဲ့အတွက် ငြိမ်သက်တိတ်ဆိတ် ပျော်ရွှင်သည်းခံစွာဖြင့်လုပ်ဆောင်တာ အိမ်ရှင်ကတောင် ကျွန်တော့်ကို ရူးသွားပြီလားလို့တောင် ပြောနေပါတယ်။

ဘာကြောင့်လဲဆိုရင် သူဆူလို့ရှိရင် ဘာမှပြန်မပြောပဲ မျက်နှာက ပြုံးပြီးနေလို့ အလုပ် လုပ်ရင်လည်း သီချင်းဆိုပြီးလုပ်နေတော့ တခုခု ဖြစ်သွားပြီလား လို့တောင် တမျိုးထင်နေတယ်။ ဘာကြောင့် လည်းဆိုရင် စရောက်တုန်းက ကျွန်တော်က မျက်နှာတည်

## ပျော်ရွှင်စရာကောင်းတဲ့နှစ်သစ်ဖြစ်ပါစေ

တယ်ဆိုပြီး အပြောခံရလို့။ သူပြောတဲ့စကားတွေ အဆူခံရလို့ စိတ်ဆိုးမိရင် ပြန်ပြီး ထိန်းချုပ်ပြီး အကောင်းဘက်က မြင်ကြည့်လိုက်ပါ အဆိုးများ ပျောက်ကုန်မယ်ဆိုတဲ့ သီချင်းကိုဆို၊ ဖိလိပ္ပိ ၄း၁၃ ကိုရွတ်နေလိုက်တော့ အရင်ကနဲ့မတူပဲ စိတ်ထဲမှာ ပျော်ရွှင်မှု တွေ ရလာတယ်။ ဘုရားရှင်ဟာ သူ့ရဲ့သားသမီးတွေကို ဒုက္ခရောက်အောင် ပစ်မထားပါဘူး ဆိုတာ ပိုပြီး သိလာရတယ်။ ပိုပြီးလည်း ကျေးဇူးတော်ချီးမွမ်းနေမိတယ်။ ॥ **ညောညော**


---

### သက်သေခံချက် *နော်စေးဧး*

ဆာလံကျမ်း ၅း၁၁–၁၂၊ ၃၄း၁၈–၁၉၊ ၉၁း၁–၂၊ ၁၀၇း၁။ ရှေ့ဦးစွာ ဘုရားရှင်ရဲ့ကျေးဇူးတော်ကို အထူး ချီးမွမ်းမိပါတယ်။ အခုလို သခင့်စကားစာစောင်မှာ သက်သေခံ၊ ရေးသားဖို့ အခွင့် ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မ စင်္ကာပူထွက်မလာခင် အမိနိုင်ငံမှာ နေတုန်းက ကျွန်မရဲ့ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် စင်္ကာပူ ရောက်လာခဲ့တယ်။ ကျွန်မရဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး ကျွန်မ အရမ်းအားကျမိတယ်။ ဒါပေမဲ့ ကျွန်မရဲ့ အခြေအနေက သူများတွေနဲ့မတူတော့ ရန်ကုန်မှာပဲ အလုပ်လုပ်ခဲ့ ရပါတယ်။ ရန်ကုန် မှာ နေစရာအခက်အခဲတွေ အများကြီးကြုံခဲ့ပေမယ့် ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့် အဆင်ပြေခဲ့ပါတယ်။ ဒါနဲ့ ကျွန်မ ရန်ကုန်မှာအလုပ်လုပ်ရင်းနဲ့ အစ်မ တစ်ယောက်နဲ့သိပြီး စင်္ကာပူသွားဖို့ စိတ်ကူးမိပါတယ်။ တဆက်တည်းမှာဘဲ pass port လုပ်ပြီးအလုပ်စတင် ခဲ့ပါတယ်။ စင်္ကာပူကို အလုပ် စတင်တဲ့အချိန်မှာဘဲ အပါးရဲ့ သူငယ်ချင်းက Australia ကနေ အပါးဆီဖုန်းဆက်ပြီး နင့်ရဲ့သမီးကို စင်္ကာပူကို မလွှတ်ပါနဲ့ Australia ကိုလာခိုင်းပါလို့ အပါးဆီ ဖုန်းဆက်တယ်။ အဲဒါနဲ့ အပါးက ကျွန်မကိုပြောပြပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်မ စိတ်နှစ်ခွ ဖြစ်ခဲ့တယ်။ အပါးက ကျွန်မကို ပြောတယ် ဆုတောင်းပါ။ ဘုရား အလိုတော်ရှိတဲ့နိုင်ငံ ဘုရားပို့ ဆောင်ပေးမှာပါတဲ့။ မကြာပါဘူး ကျွန်မ စင်္ကာပူမှာ အလုပ်ရပြီး စင်္ကာပူကို ရောက်ခဲ့ပါတယ်။ စင်္ကာပူရောက်တော့ Agent အိမ်မှာ (၁၄)ရက်နေရတယ်။ Agent အိမ်မှာ (၁၄)ရက်နေရတဲ့အချိန်မှာ ငရဲပြည် ကျတယ်လို့ထင်နေရတယ်။ တကယ့် လောက ငရဲပါပဲ။

နေ့တိုင်းကျမ်းစာအုပ်ပိုက်၊ ဆာလံ ၂၃ ရွတ်၊ မိဘကိုသတိရပြီး နေ့တိုင်း ငိုနေရတယ်။ ပြန်မယ်ဆိုရင်လည်း လျော်ကြေးပြန်ပေးဖို့ပိုက်ဆံမရှိ၊ မြန်မာပြည် ကနေ ထွက်လာတာ ပိုက်ဆံကုန်သေးတယ်ဆိုတော့ ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတယ်။ ဒါနဲ့နေ့တိုင်းဆုတောင်းခဲ့ပါတယ်။ အလုပ်ရှင် ကျွန်မကို မြန်မြန်လေး လာခေါ်ဖို့၊ ကျွန်မအလုပ်ရှင်က သဘောကောင်းတဲ့ မိသားစုဖြစ်ဖို့ ဆုတောင်းခဲ့ ပါတယ်။ တကယ်ဘဲ ဘုရားရှင်ဟာ ကျွန်မရဲ့ ဆုတောင်းသံကို နားညောင်းခဲ့ပါတယ်။ (၁၄)ရက်ပြည့်တဲ့နေ့မှာဘဲ ကျွန်မ အလုပ်ရှင်က ကျွန်မကို လာခေါ်ပါတယ်။ မိသားစု (၆)ယောက်ရှိတဲ့အိမ်မှာပါ။ ကျွန်မ ဆုတောင်းခဲ့တဲ့အတိုင်းပါဘဲ ကျွန်မအိမ်ရှင် မိသားစု အားလုံး ကျွန်မကိုချစ် ကြပါတယ်။ ကျွန်မ အလုပ်ရှင်က တခြား ဘာသာ ဝင်ဆိုပေမဲ့ အပတ်တိုင်း ဘုရားကျောင်းသွားတက်ခွင့် ရတဲ့အတွက် ဘုရား သခင်ရဲ့ကျေးဇူးတော်ကို အထူးချီးမွမ်းပါတယ်။ သူများတွေ အဆင်မပြေတဲ့ အချိန်မှာ ကျွန်မက ဘုရားရှင်ရဲ့ကျေးဇူးတော်ကြောင့် အဆင်ပြေခဲ့ပါတယ်။ ကျွန်မ အခု ဆိုရင် စင်္ကာပူ မှာ(၂)နှစ်ပြည့်တော့မယ်။ ဒါကြောင့် ဘယ်လို အခက်အခဲ တွေနဲ့ ကြုံတွေ့နေပါစေ ဘုရား သခင်ကိုမမေ့ဖို့နဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းတတ်ဖို့ ဘုရားသခင် ဆီမှာဆုတောင်းခဲ့ရင် ဘုရားရှင် နားညောင်းမှာပါ။ ဘုရားရှင်ဟာ ကျွန်မတို့ အတွက် အံ့ဩဘွယ် တိုင်ပင်ဖက် တန်ခိုးကြီးသော ဘုရား ရှင်ဖြစ်ကြောင်း နိဂုံးချုပ် ရေးသားရင်း ...॥ **နော်စေးဧး**

---



### အလွဲများစွာ *မေရီ(ဖျာပုံ)*

အကျွန်ုပ်သည် ဆင်းရဲမခံမှီ လမ်းလွဲပါ၏။ ယခုမူကား ဗျာဒိတ်တော် အတိုင်း ကျင့်စောင့်ပါ၏။ ကိုယ်တော်သည် ကောင်းသောသဘော၊ ကျေးဇူးပြုသောသဘော ရှိတော်မူ၏။(ဆာလံ ၁၁၉း၆၇–၆၈)

Karen Baptist Church ကို ၂၇–၇–၀၈ မှာ ဒုတိယအကြိမ် ရောက်ပါ တယ်။ အပြန်မှာ ကားပြန်စီး ရမယ့်နေရာကို မသွားတတ်လို့ အသိ တစ်ယောက်ကို အကူအညီတောင်းကာ East Coast ပြန်မဲ့ 14 bus stop ကိုပို့ခိုင်း ခဲ့ပါတယ်။ ယခင်အကြိမ်တုံးက အဖော်နဲ့ ပြန်ခဲ့ဖူးသော်လည်း သေသေ ချာချာ မမှတ်မိပါဘူး။ ကျွန်မကို ပို့ပေးတဲ့သူက 14 bus stop ရှိတဲ့နေရာ ကို ပို့ပေးပါ တယ်။ သတိမမူ ဂူမမြင် ဆိုတဲ့အတိုင်း နမော်နမဲ့ နိုင်လွန်းတဲ့ကျွန်မဟာ 14 bus လာတာတွေ့တာနဲ့ တက်စီး သွားပါတယ်။ ဖြစ်ချင်တော့ အကြွေစေ့ မလောက် လို့ သူငယ်ချင်း ငှားလိုက်သော bus card ကို သုံးပြီး driver ကို မမေးရ တဲ့အတွက် ကျွန်မသွားမဲ့ အရပ်နဲ့ ဆန့်ကျင်ဘက် လမ်းပြောင်းပြန် ကိုသွားတဲ့ bus ဖြစ်နေတယ်ဆိုတာ ကြိုတင်မသိလိုက်ရပါဘူး။ နာရီဝက်လောက်နဲ့ ရောက် မယ့် ခရီးကို တစ်နာရီနီးပါး ကြာထိ နေရင်းအရပ်ကို မရောက်တော့ ဘေးပတ်ဝန်း ကျင်ကို ကြည့်လိုက်ရာ တခါမှ မရောက်ဘူးသောနေရာတွေဖြစ်နေတာနဲ့ အနား မှာရှိသော ခရီးသည်ကို မေးလိုက်ရာ အနောက်အရပ်ကိုသွားသော bus ဖြစ်နေတာ သိရပါတယ်။ ဒါနဲ့ ရောက်တဲ့ bus stop ကိုချက်ချင်း ဆင်းပြီး လမ်း တဖက်ကူးကာ အရှေ့အရပ် ပြန်မယ့် bus ကိုပြန်စီးရပါတယ်။

တကယ်တော့ ပို့ပေးသူရဲ့ အမှား မဟုတ်ပါဘူး။ ကိုယ်တိုင်ပြန်ရမယ့် ခရီးစဉ် ကို bus stop မှာ မြေပုံကို သေချာ မကြည့်ဘဲ သူတပါးကို အားကိုး မိလိုက် တဲ့ ကျွန်မရဲ့ အမှားပါ။ စင်စစ် ကျွန်မတို့အသက်တာမှာ နေ့စဉ်ပင် အလွဲ အ ချော် အမျိုး မျိုးနဲ့ ကြုံရပါတယ်။ ငယ်ရွယ်စဉ်က အတွေ့အကြုံနည်းပါး၍ လွဲချော်ခြင်းများ ဖြစ်နိုင်တယ်လို့ ဆိုနိုင်သော်လည်း အသက်ကြီးလာတော့လည်း မိမိနေထိုင်ရာ ဒေသကိုပင် ကောင်းစွာမကျွမ်းဝင်သေးဘဲ လွဲဆဲရှိပါတယ်။ သာ၍ ဆိုးဝါးသော လွဲချော်မှုကတော့ လမ်းလွဲများမှာ လျှောက်သွား မွေ့လျော်မိခြင်း ဖြစ်နေတာကို သတိပြုရန် ဖြစ်ပါ တယ်။ ဟေရှာယအနာဂတ္တိကျမ်းမှာ "ငါတို့ရှိသမျှ သည် သိုးများကဲ့သို့လမ်းလွဲလျက် ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြ သည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်သို့ တင်တော်မူ၏" လို့ဆိုထားပါတယ်။ လမ်းလွဲခြင်း သည် အသက် အန္တရာယ်ကိုဖြစ်စေပါတယ်။ ကျွန်မဟာ များမကြာခင် အချိန် အတွင်းမှာ ချစ်တတ်လွန်းသော နှလုံးသားကြောင့် တစ်သက်တာမှားယွင်းမည့် အိမ်ထောင်ရေးကို တည်ဆောက်ဖို့ ခြေလှမ်းခဲ့မိ ပါတယ်။ သမ္မာကျမ်းစာမှာ အဖြေ ပြန်ရှာတဲ့အခါ အယူအဆလွဲမှားကာ ကိုယ်ဖြစ်ချင်တာကို ဘုရားရှင်၏ အလို တော်လို့ ယူဆမိကြောင်းသတိရကာ အချိန်မှီ ဆင်ခြင်နိုင်ခဲ့ပါတယ်။

လွဲချော်စရာ အမျိုးမျိုး၊ တစ်နေ့တာ အလွဲများ၊ တစ်နှစ်တာ အလွဲများ၊ တစ်သက်စာ အလွဲများကို ရှောင်ကျဉ်နိုင်ဖို့ကတော့ ပညာလမ်းမှ လျှောက်သွားရန် ဖြစ်ပါတယ်။ "ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် ပညာ၏ အချုပ်အချာဖြစ်၍ ဘုရားသခင် သာလျှင် ပညာလမ်းကို သိတော်မူ၏။" (ယောဘ၂၈း၂၃)။ သို့ဖြစ်၍ တရားတော်လမ်းသို့ ပို့ဆောင်ရန် ဆာလံဆရာ နည်းတူ ဆုတောင်းကြပါစို့။ ॥ **မေရီ(ဖျာပုံ)**

---

### သက်သေခံပါရစေ *(နူးနူး)*

ကျွန်မကို ဒီနေ့ဒီအချိန်အထိ အသက်ရှင်ခွင့်ပေးသော ဘုရားရှင်ရဲ့ ဘုန်းတော် နာမတော် သာ၍ ကြီးမြတ်ပါစေ...အာမင်။ ကျွန်မဘဝမှာ ဘုရားရှင် ပေးခဲ့သော ကောင်းကြီးမင်္ဂလာများအကြောင်း သက်သေခံချင်ပါတယ်။ ကျွန်မ ရဲ့ မိဘတွေက တောင်သူတွေပါ။ မရှိတဲ့ကြားက သားသမီးသုံးယောက်ကို ကျောင်း ထားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ ၁၀ တန်းမအောင်ခဲ့ပါဘူး။ ကျောင်းထွက်ပြီး Sunday School သင်ရင်း အိမ်မှာ ဝိုင်းကူလုပ်ခဲ့ပါတယ်။ ငယ်ငယ်က ကျွန်မဟာ ကိုယ်တော် အလိုတော်ရှိတဲ့အတိုင်း သမီးကိုပုံသွင်းတော်မူပါလို့ အမြဲ ဆုတောင်း ခဲ့ပါတယ်။ ဧဝံဂေလိသာသနာပြုလုပ်ငန်းဟာ ကျွန်မ အလုပ်ချင်ဆုံး လုပ်ငန်းပါပဲ။ ဧဝံဂေလိအလုပ်ကို တစ်နှစ် လုပ် ခဲ့ပါတယ်။ ကျွန်မမိဘတွေဟာ တောင်သူ အလုပ်မှာ အရှုံးပေါ်ပြီး အကြွေးတွေဝိုင်းရတဲ့အဖြစ် ဖြစ်လာပါတယ်။ ကျွန်မက သမီးအကြီးဆုံးဆိုတော့ ဒီစင်္ကာပူကို အလုပ်လာလုပ်ဖို့ ဆုံးဖြတ်ခဲ့ ပါတယ်။ ဒီမှာ ကြုံရမယ့် အခက် အခဲတွေလည်း ကြိုတွေးမိပါတယ်။ တကယ်တန်း အလုပ်ဝင်ရော အဆင် မပြေမှုတွေ အများကြီးရှိခဲ့ပါတယ်။ တစ်နေ့တစ်နေ့ အသက်ရှင်ချင်စိတ် မရှိ လောက်အောင်ပါဘဲ။ ကျွန်မဟာ ကျမ်းစာအကြောင်း နားလည်လျှက်၊ သိလျှက်နဲ့ "ဘုရားရှင် သမီးရဲ့အသက်ကို သိမ်းဆည်း တော်မူပါလို့" မိုက်မဲစွာ ဆုတောင်း ခဲ့မိပါတယ်။ ဒါပေမယ့် ကျွန်မကိုချစ်တဲ့ ဘုရားရှင်က ဒီနေ့ထိ အသက်ရှင်ခွင့် ပေးမြဲပါ။ ဒီစင်္ကာပူကိုမလာခင် အမြဲ ဆုတောင်းခဲ့တယ်။ ကိုယ်နဲ့ရွယ်တူတွေ ရှိတဲ့ အိမ် မရောက်ပါစေနဲ့လို့၊ အဲဒီ ဆုတောင်းကိုလည်း ဘုရားရှင်ဟာ ပေးခဲ့ပါတယ်။ အခုကျွန်မလုပ်တဲ့အိမ်မှာ အဖိုးအဖွား နှစ်ယောက်ထဲရှိတယ်။ စရောက်ခါစမှာ အလုပ် အရမ်းပင်ပန်းတယ် ဆိုပြီး ငိုခဲ့ရတာညတိုင်းပါပဲ။ ဘုရားရှင်ဟာ ကျွန်မထက် အရမ်းပင်ပန်းကြတဲ့ မြန်မာတွေနဲ့ တွေ့ခွင့်ပေးခဲ့တယ်။ ပင်ပန်းပေမယ့် သူတို့ ပျော်နေတာ တွေ့တော့ ကျွန်မ အခုဆိုမငိုတော့ပါဘူး။ ဒါပေမဲ့ ကျွန်မ အပြင်ထွက် ခွင့် မရဘူး။

ကျွန်မ အိမ်ရှင်တွေက ဘာကိုမှမကိုးကွယ်တော့ ဘုရားကျောင်းလည်း တက်ခွင့် မရခဲ့ပါဘူး။ ကျွန်မ ကျမ်းစာနဲ့ ပတ်သက်တဲ့ စာစောင်တွေ၊ မဂ္ဂဇင်းတွေ အရမ်း ဖတ်ချင်ခဲ့တယ်။ တနေ့မှာ ကျွန်မတို့ လမ်းထဲမှာနေတဲ့ မြန်မာမလေး တစ် ယောက်က ဒီသခင့်စကား ဝိညာဉ်ရေးရာစာစောင်ကို ယူလာပေးပါတယ်။ ဘုရား ရှင်ရဲ့ မေတ္တာတော်ဟာ ကျွန်မအပေါ်မှာ ပြောမပြတတ်လောက်အောင် ကြီးမား လှပါတယ်။ အဲဒီမြန်မာမလေးဟာ တခြားဘာသာကိုး ကွယ်သူ ဖြစ်ပါတယ်။ အခုဆို သူလည်း ယုံကြည်သူ ဖြစ်နေပါပြီ။ အခု ကျွန်မ ဒီကို အလုပ် လာလုပ်

✱ အလုပ် တာဝန်များလွန်းလို့ မခံရပ်နိုင်အောင် ပင်ပန်းနေတာ ဘယ်သူ ခံစား ပေးနိုင်မှာလဲ။ ငါသည် သူ၏ ပုခုံးကို ဝန်နှင့် လွတ်စေ၏။ ဆာလံ ၈၁း၆။ ထိုဘုရားသည် မောသောသူတို့အား၊ ခွန်အားကို ပေးတော်မူ၏။ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့် ပြည့်စုံသောအခွင့်ကို ပေးတော်မူ၏။ ဟေရှာယ ၄၀း၂၉

✱ ဘဝ အနာဂါတ်အတွက် ရတက်မအေး ခံစားရတာ ဘယ်သူ သိမှတ် ပေးနိုင်မှာလဲ။ နှိမ့်ချလျှက်ရှိသော သူတို့ကို တရားအတိုင်း သွေးဆောင်တော်မူ၏။ ဆာလံ ၂၅း၉။ သင်သည် လက်ျာလက်၊ လက်ဝဲဘက်သို့ လမ်းလွဲလျှင် ဤမည်သော လမ်းသည် မှန်၏။ ဤလမ်း၌ သွားလော့ ဟု သင့်နောက်၌ ပြောသော စကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်။ ဟေရှာယ ၃၀း၂၁။ သင်သည် အစအဦး၌ ငယ်သော်လည်း နောက်ဆုံး၌ အလွန်ကြီးပွားလိမ့်မည်။ ယောဘ ၈း၇

✱ အထီးကျန် ခံစားနေ့ရက်တွေ အတွက် ဘယ်သူစာနာ ပေးနိုင်မှာလဲ။ နှလုံးကြေကွဲသော သူတို့၏ စိတ်ဝိညာဉ် အသက်ရှင်စေခြင်းငှာ ကြေကွဲ နှိမ့်ချသော စိတ်သဘော ရှိသောသူတို့၌လည်း ငါနေ၏။ ဟေရှာယ ၅၇း၁၅။ သင်သည် ငါမြတ်နိုးရာ ဖြစ်သောကြောင့် အသရေရှိပြီ။ ငါလည်းချစ်၏။ ဟေရှာယ ၄၃း၄။

---

## ကျေးဇူးတော် ထပ်ဆင့်ပြီးချီးမွမ်းလိုက်ပါတယ် *သဲမေဦး*

စင်ကာပူနိုင်ငံ၏ ဥပဒေအရ နိုင်ငံခြားသား အလုပ်သမားများ ၂နှစ် တစ်ကြိမ် အိမ်ပြန်ခွင့် ရှိပါတယ်။ ကျွန်မ အတွက်လည်း ဒီဥပဒေ အခွင့်အရေးကို ခံစား ရပါတယ်။ ၂နှစ်ပြည့်လို့ အကြောင်းအမျိုးမျိုးကြောင့် အိမ် မပြန်ချင်ရင် (သို့ ) အိမ် မပြန်နိုင်ရင် အလုပ်ရှင်မှ လေယာဉ်လက်မှတ် တန်ဖိုးငွေကို မိမိရဲ့ အိမ် မပြန်သူ အလုပ်သမားအား ပေးရကြောင်း စင်ကာပူရောက် အလုပ်သမားတိုင်း သိကြပါတယ်။ ကျွန်မလဲ ၂နှစ်တစ်ကြိမ်၊ အိမ်ပြန်လိုက်။ မပြန်နိုင်တဲ့ နှစ်ကျရင် လက်မှတ်ဖိုး ငွေယူလိုက်နဲ့ မနှစ်က ကျွန်မ လေယာဉ်လက်မှတ်ဖိုး ငွေယူပြီး အိမ်မပြန်ဘဲ နေလိုက်ပါတယ်။ **April** မှာတစ်နှစ် ပြည့်တယ်ပေါ့။ **May** ထဲ ရောက်တော့ ကျွန်မရဲ့ အလုပ်ရှင်အဖွားက ကျွန်မကို “နင်ဒီနှစ် အိမ်ပြန်လည်ချင် လည်”တဲ့ ကျွန်မ ကလဲ လက်ထဲမှာ ပိုက်ဆံကလဲ မရှိ၊ (အိမ် စားစရိတ် ပို့ထားရတဲ့အတွက်) ပြန်ရင်လဲ ၂နှစ်စာ အခွန်ဆောင်ရမှာဆိုတော့ မပြန်ဘူးလို့ ပြောလိုက် ပါတယ်။ သူက ပြန်ပြောတယ်။ နင် အခုနှစ် မပြန်ရင် လာမဲ့ နှစ်လဲ မပြန်ရဘူးနော်တဲ့။ တို့ အိမ်ပြောင်းရမှာဆိုတော့ အလုပ်အရမ်းရှုပ်တယ်။ ပတ်ဝန်းကျင်သစ်မှာ ငါတစ်ယောက် တည်း သိပ်ကြောက်မယ်တဲ့ (အိမ်မှာ ကျွန်မနဲ့ အဖွား နှစ်ယောက်တည်း ကိုးနှစ်ထိ နေလာခဲ့ပါတယ်။) ကျွန်မက အိုး ဒါတော့ မဖြစ်ဘူး။ လာမဲ့နှစ် ငါပြန်မယ်။ ငါ့အမေလဲ အသက်ကြီးလာပြီ။ ငါသူ့ကို ပြန်တွေ့ရမယ်။ ငါ့သင်းအုပ်ဆရာက ငါ့ကို ပြောတယ်။ နင့်အမေ ဒီနှစ် တော်တော် အရွယ်ကျသွားတယ်တဲ့။ ငါလဲ အိမ်ပြန်ဖို့ ပိုက်ဆံမရှိဘူး။ အခွန် ဆောင်ရမှာနဲ့ ဆိုတော့ မလွယ်ဘူးလို့ပြောတော့။ သူက လေယာဉ်လက်မှတ်က ငါဝယ်ပေး တာ ဘဲ နင် မကုန်ပါဘူးတဲ့။ ကျွန်မက နင်က လေယာဉ်လက်မှတ်ဘဲ ဝယ်ပေးတာ။ ကျန်တာ ငါ အကုန်ပေးရတာ။ သူက ငါနင့်ကို ပိုက်ဆံ ကြိုတင်ချေးမယ်။ သုံးလစာ တဲ့။ (သူက အင်မတန် ကပ်စေးနဲသည်) ကျွန်မကလဲ ငြင်းမနေတော့ပါဘူး။ လိုက်နာရတော့ တာပေါ့။

ဒီလိုနဲ့ မြန်မာပြည်ကို မေလ ၂၂ရက်နေ့မှာ ပြန်ဖို့ လေယာဉ်လက်မှတ် ဝယ် လိုက်ပါတယ်။ ပြန်မယ် လုပ်ခါနီးမှ ဖြူန်းဆို ရောဝတီမှာ နာဂစ် ရောက်။ မွေ့နောက်၊ ဝင်ဆောင့် ပါလေရော။ ဒီမှာတင်။ ဘုရားကျောင်းက မိတ်ဆွေတွေ ရော။ အိမ်နီးနားချင်း တွေပါ။ မပြန်ဖို့ အကြံဉာဏ်တွေ ပေးပါတယ်။ ရောဂါတွေ ဖြစ်နေတယ်။ လမ်းတွေ ပိတ်နေတယ်။ ဘာညာအကြောင်းများစွာနဲ့ ။ (မှတ်ချက်) ကျွန်မက ကက်သလစ် ဘုရား ကျောင်းမှာ အဖွားနဲ့ အမြဲ နေ့စဉ် ညနေတိုင်း ဆုတောင်းနေကျ) ဖြစ်ပါတယ်။ ကျွန်မက ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ။ ကျွန်မ ရတဲ့ ချေးငွေနဲ့ အခွန်ဆောင်ပြီး လေယာဉ်လက်မှတ် ဝယ်လိုက်တော့ ပိုက်ဆံက နည်းနည်းဘဲ ကျန်ပါတော့တယ်။ ငွေလွှဲလိုက်တော့ မြန်မာပြည် ကို ()သိန်းဘဲ ပို့လိုက်နိုင်ပါတယ်။ ကျွန်မ စိတ်ညစ်သွားပြီ။ ဒီပိုက်ဆံလေးနဲ့ ငါ အိမ်ပြန် မျက်နှာပန်း မလှဘူး။ ကျွန်မက အလှူငွေလဲ များများပေးချင်တယ်။ ကိုယ်နဲ့ နီးစပ်ရာ လိုအပ်သူတွေကိုလဲ ဝေမျှချင်တယ်။ နာရဂစ်ဒဏ် ခံနေရတဲ့ ဒုက္ခဆင်းရဲ ဒဏ်ခံနေရတဲ့ သူများကို (အထူးသဖြင့်) ပေးဝေ မေတ္တာပြချင်တယ်။ ကျွန်မမှာ ပိုက်ဆံ မရှိလို့ ကျွန်မ မတတ်နိုင်တာပါ။ ဒါပေမဲ့ ကျွန်မ တတ်နိုင်တာ တစ်ခု ရှိတယ်။ ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် အလိုတော်ရှိရင် ပေးလိမ့်မယ်။ နောက်ဆုံးမှာ ဘုရားကျောင်းက မိတ်ဆွေများနဲ့ အိမ်နီးနားချင်းများ က ကျွန်မတောင် ဘာမှ မပြောမဆို မတောင်းခံခဲ့ပါဘဲ နည်းနည်းစီ ပေးလှူကြတာ တစ်ရက်အတွင်းမှာ တစ်ထောင် ကျော် ရလိုက်ပါတယ်။ ကျွန်မလဲ အဲဒီနေ့ ဘဲပြန်မှာဆိုတော့ ငွေလွှဲချိန် မရလိုက်ပါဘူး။ ညီမလေး တစ်ယောက်နဲ့ တဆင့် လွှဲခိုင်း လိုက်ချိန်မှာဘဲ လေဆိပ်မှာ ဒုက္ခသည်တွေဆီ သွားပြီး လှူမဲ့ အဖွဲ့တစ်ဖွဲ့နဲ့ တွေ့လို့ ဘိုကလေး မြောင်းမြ ကယ်ဆယ်ရေးအဖွဲ့အတွက် အလှူငွေ ထည့်လိုက် ပါတယ်။ လေဘေးဒဏ်သင့် အခြားလိုအပ်သောနေရာ လက်လှမ်းမီရာ နေရာလေးများ ကို အလှူငွေ ပါဝင်ဆက်ကပ်နိုင်ခဲ့ပါတယ်။ မိသားစုနှင့် လိုအပ် နေသည့် မိတ်ဆွေတစ်ချို့ ကိုလဲ ဝေမျှနိုင်ခဲ့ပါတယ်။ ကျွန်မ ကိုယ်တိုင်က ပိုက်ဆံ ချွေတာပါတယ်။ အရင်နှစ်တွေတုံးက ဘယ်သွားသွား TAXI စီးပါတယ်။ အခုနှစ် မှာ ကျွန်မ လိုင်းကားဘဲ စီးပါတယ်။ ကျွန်မ ပါသွားသမျှ ပိုက်ဆံ အကုန် ဝေမျှခဲ့ပါတယ်။ အဝတ်နှစ်ထည် ကိုယ်တစ်ခုနဲ့ စင်ကာပူကို ပြန်လာခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဘေးမသီ ရန်မခဘဲ စင်ကာပူကို ကျွန်မ ပြန်ရောက်လာခဲ့ပါတယ်။ ဘုရားရှင် ကျွန်မကို ကောင်းကြီးမင်္ဂလာများ ပေးရန် ရှိနေသေးကြောင်းကို နားလည်ခံစားရရှိသောကြောင့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ထပ်ဆင့် ချီးမွမ်းလိုက်ပါတယ်။



အမှုတော်မြတ်၌ ကျေးဇူးတော် ကြွယ်ဝစွာ ခံစားလျက် ... ။ *သဲမေဦး*

---

## “အမေ့အတွက် သမီးရဲ့ ရင်ဖွင့်စာ” *ချော လကာ*

သမီးချစ်တဲ့မေမေ။ မေမေ့ကို သမီး သနားလိုက်တာ၊ အမေ့ကို ပူဆွေးသောကတွေ မခံစား စေချင်ဘူး။ အမေ့ကို သားသမီး မြေးလေးတွေနဲ့ ပျော်နေတာကိုဘဲ မြင်ချင်ပါတယ်။ အမေ့ကို အမြဲတမ်း ပျော်ရွှင်စေချင်တယ်။ အမေဟာ သားသမီးတွေ သုံးနှစ် လေးနှစ် အရွယ်မှာဘဲ၊ သည်းခြေရဲ့ ဝေဒနာကို ပြင်းထန်စွာ ခံစားခဲ့ရပါတယ်။ အမေဟာ ခွဲစိတ်ကုသ ရမှာမို့ သူသာ တစ်ခုခုဖြစ်သွားခဲ့ရင် သူချစ်တဲ့ သားသမီးလေးတွေ သူ့ကို မမြင်လိုက်ရမှာ စိုးလို့ မိသားစု ဓါတ်ပုံရိုက်ခဲ့ တာကို မှတ်မိခဲ့ပါသေးတယ်။ သမီးမှာအူရောင်ပြီး ဗိုက်အောင့် လို့ ခွဲစိတ်ကုသရမယ်ဆိုရင် အမေ့မှာ တစ်ခုတည်းသော ဆွဲကြိုးလေးကိုရောင်းပြီး ဆေးကု ပေးမယ်လို့ ဆိုတာခဲ့ရယ်။ သမီးအတွက် စိတ်ပူပြီး မျက်ရည်ကျခဲ့တာကိုလဲ မှတ်မိပါသေး တယ်။ အမေဟာ သမီးတွေနဲ့ ၁၇နှစ် ၁၈နှစ်အရွယ်အထိ အတူတူ အိပ်ခဲ့ပါတယ်။ တစ်ခါမှ ခွဲ မအိပ်ခဲ့ပါဘူး။ အမေဟာ သူ့ရဲ့ သားသမီးတွေ ကို အချစ်ကြီး ချစ်ခဲ့ပါတယ်။ အရမ်းလဲ စိုးရိမ်ခဲ့ပါတယ်။ အရမ်းလဲ ကရုစိုက်ခဲ့ပါတယ်။ မောင်လေးရှိတဲ့ အချိန်ကျမှဘဲ အမေနဲ့ ခွဲအိပ်ဖြစ်ခဲ့ပါတယ်။ အမေဟာ သူ့သား အငယ်နဲ့ အိပ်ဖြစ်ခဲ့ရင် အိပ်ရေးပျက် ပင်ပန်းမှာ စိုးရိမ်လို့ ကျွန်မ မောင်လေးနဲ့ အိပ်ခဲ့ရပါ တယ်။ အမေဟာ ကျန်းမာရေးမကောင်းတဲ့ သူတစ်ယောက်ပါ။ အသည်းအောင့် ဝေဒနာ၊ ကျောက်ကပ်ဝေဒနာတို့ကို ခံစားနေရ ပါတယ်။ အမေဟာ အခုဆိုရင် အသက် ၈၃နှစ်လောက်ရှိနေပါပြီ။ အခုဆိုရင် အမေ့ရဲ့ အသိစိတ် တွေဟာ ပေါ်လိုက် ပျောက်လိုက်ဖြစ်ခဲ့ရပါပြီ။ အမေ့ကို အရမ်းသနားတယ်။ အခု အချိန်မှာ အမေပြောတဲ့ စကားတိုင်းဟာ လူရာ မဝင်တော့ပါဘူး။ လူတွေအတွက် ညည်းညူ စရာ အတင်းအဖျင်း ပြောစရာတွေ ဖြစ်ခဲ့ရပါပြီ။ နောက်ဆုံးတော့ အမေ့ကို စွန့်ပစ်ချင်ကြပြီး။ မခေါ်ချင်ကြတော့ဘူး။ မင်းအမေကို ခေါ်သွားချင်ရင် ခေါ်သွားဆိုတဲ့ အဆင့် အထိ အမေ့ကို ပြောရက်လိုက်ကြပြီး။ အခုအချိန်မှာ အမေဟာ ဘာမှ မစွမ်းဆောင် နိုင်တော့ပါဘူး။ အမေဟာ သနားစရာ အကောင်းဆုံး အချိန်ကို ရောက်နေ ပါပြီ။ ကျွန်မ အမေ့အတွက် ကြေကွဲခဲ့ရပြီး အမေဟာ သားသမီးတွေအတွက် အကောင်းဆုံး မိခင်ကောင်း တစ်ယောက်ပါ။ သားသမီး မြေးတွေကသာ အမေ့အတွက် ဘာမှ တာဝန် မကျေသေးပါဘူး။ မြန်မာပြည် ပြန်ရောက်ရင် အမေ့အတွက် အကောင်းဆုံး ဖြစ်အောင် ကြိုးစား ပါ့မယ်လို့ ဆန္ဒပြုနေပါတယ်။ အဖမြတ်စွာသော ဘုရားသခင် သမီး မိဘအပေါ်မှာ ဘာမှ တာဝန် မကျေသေးပါဘူး။ မိဘအတွက် ပြန်လည်ပေးဆပ်နိုင်ဖို့၊ ပြုစုနိုင်ဖို့ အကောင်းဆုံး အရာ တစ်ခုခုကို ပြင်ဆင်ပေးသနားပါလို့ အသနားခံပါတယ်။ အဖမြတ်စွာ ဘုရားသခင် ။ ။ မေမေ့ကို ချစ်တဲ့ သမီးကြီး *ချော လကာ*

---



## ခရစ်တော်၌ရှိခြင်း *အန်ဒရူး*

“လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၏ ။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။” (၂ကော၊ ၅း၁၇)

ယခင် သင်ခန်းစာများ၌ လောကတွင် အိမ်ထောင်စု နှစ်စုသာလျှင် ရှိကြောင်း သင်ခဲ့ရပြီ။ အာဒံ၏အိမ်ထောင်စုနှင့် ခရစ်တော်၏ အိမ်ထောင်တို့ ဖြစ်သည်။ ကျွန်ုပ်သည် အာဒံ၏အိမ်ထောင်တွင်ရှိခဲ့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အာဒံထဲ၌ရှိသူ အဖြစ် မြင်တော်မူသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အိမ်ထောင် တွင် ရှိသော် ဘုရားသခင်သည် ကျွန်ုပ်ကို ခရစ်တော်၌ရှိသူ အဖြစ် မြင်တော် မူသည်။

ဘုရားသခင်သည် လူအပေါင်းကို အာဒံထဲ၌ သို့မဟုတ် ခရစ်တော်ထဲ၌ ရှိသည်ကို မြင်တော်မူသည်။ သူသည် သင့်ကို အာဒံ၌ သို့မဟုတ် ခရစ်တော်၌ မြင်တော်မူသည်။ သူသည် ကျွန်ုပ်ကိုလည်း အာဒံ၌ သို့မဟုတ် ခရစ်တော်၌ မြင်တော်မူသည်။ “အာဒံ၌” ဟူသည် မည်သည့် အဓိပ္ပါယ် ရှိသနည်း။ အာဒံ၌ ရှိခြင်းသည် အာဒံနှင့် သူနှင့်ဆိုင်သောအရာများကို ဝေမျှခံ စားရန် ဖြစ်သည်။ မျိုးရိုးဇာတိအားဖြင့် ကျွန်ုပ်တို့သည် အာဒံ၌ ရှိတော်မူသည်။ ဘုရားသခင်နှင့် အဆက်ပြတ်ပြီ၊ အပြစ်နှင့်စာတန် ၏ကျွန် ဖြစ်ကြသည်။ ဘယ်မျှ ကြောက်ဖွယ် ဖြစ်သနည်း။

သို့သော်လည်း ဤနေရာ၌ အံ့ဘွယ်သော သတင်းကောင်း အချို့ ရှိပါသည်။ ကျွန်ုပ်သည် ဒုတိယမွေးဘွားခြင်းကို ခံပြီးသော် ဘုရားသခင်သည် ကျွန်ုပ် တို့ကို ခရစ်တော်၌ တည်စေတော်မူသည်။ ကျွန်ုပ်တို့သည် ဤအမှုကို ကျွန်ုပ် တို့ကိုယ်တိုင် ပြုလုပ် ရန် မတတ်နိုင်ပါ၊ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ပြုတော်မူ၏ ။ ယခု ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်တော်မူ သည်။ ခရစ်တော်၌ ကျွန်ုပ်တို့ မည်ကဲ့သို့ တည်နေတော်မူသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်၌ တည်ရန် ပြု တော်မူသည်။ ကျမ်းစာက “ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏ ။...”ဟုဆိုသည်။(၁ကော၊ ၁း၃၀)

ကျမ်းစာတခုလုံးတွင် အဖိုးထိုက်သော စာပိုဒ်သည် စာပိုဒ်ငယ် “ခရစ် တော်၌” ဟူ၍ ဖြစ်သည်။ ဤကဲ့သို့သော စာပိုဒ် သို့မဟုတ် အလားတူ စာပိုဒ်ကို ဓမ္မသစ် ကျမ်းတွင် အကြိမ်ပေါင်း ၁၃၀ ကျော် သုံးထားပါသည်။ဤနေရာတွင် ခရစ်တော်၌ ကျွန်ုပ်တို့၏ အနေအထားသစ်ကို ပြောဆိုသော ကျမ်းပိုဒ် အချို့ကို ဖော်ပြပါမည်။ ဤ ကမ္ဘာမတည်ရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက် တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့် ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အား ဖြင့် ငါတို့အားပေးသနားတော်မူသော ငါတို့ သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရား သခင်သည် မင်္ဂလာရှိတော်မူစေသတည်း။(ဧ၊ ၁း၄)

အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည့်အကြောင်း၊ ဘုရား သခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။"(ဧ၊ ၂း၁၀) "လူမည်သည်ကား ခရစ်တော်၌ ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။" (၂ကော၊ ၅း၁၇) "မှန်သော ဘုရားသခင်၌၎င်း၊ သားတော်ယေရှုခရစ်၌ ၎င်း ငါတို့သည် တည်လျှက် ရှိကြ၏။..." (၁ယော၊ ၅း၂၀) "ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ် တော်မူခြင်း ကျေးဇူးကို ငါတို့သည် ခံရကြ၏။" (ကော၊ ၁း၁၄) "ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။" (ရော၊ ၈း၁) "ယေရှုခရစ်အားဖြင့် အပြစ်နှင့်ကင်းစင်၍ သန့်ရှင်းသူအရာ၌ ခန့်ထားသောသူတည်းဟူသော..." (၁ကော၊ ၁း၂)

သင်သည်"ခရစ်တော်၌" "သူ၌""သူ့အားဖြင့်" စသည့် စာသားများကို သင် သတိပြုမိပါသလား။ သင်သည် ဓမ္မသစ်ကျမ်းကို ဖတ်နေစဉ် ဤကဲ့သို့သော စာသား များကို များစွာ သုံးထားကြောင်း သင်တွေ့ရပေမည်။

"ခရစ်တော်၌" တည်နေခြင်းသည် ဘာကို ဆိုလိုသနည်း။ ခရစ်တော်၌ တည်နေခြင်းသည် ခရစ်တော်၌ရှိသောအရာ အားလုံးနှင့် သူပြုပေးခဲ့သော အရာ အားလုံးကိုအမွေခံ ဝေမျှခံစားရန် ဖြစ်သည်။ ကျမ်းစာ၌ ဘုရားသခင်က "ကောင်းကင်ဘုံနှင့် ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော် အားဖြင့် ငါတို့အား ပေးသနားတော်မူသော..."ဟု ဆိုသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေသောကြောင့် ကျွန်ုပ်တို့အဖို့ ပြင်ဆင်လျက်ရှိသော ကောင်းကြီးများထဲမှ အချို့ကို စဉ်းစားကြမည်။

*ခရစ်တော်၌ ကျွန်ုပ်တို့ အပြစ်ခွင့်လွှတ်ခြင်းကို ရသည်*

ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောကြောင့် ဘုရားသခင်သည် ကျွန်ုပ် တို့၏ အပြစ်များအားလုံးကို ခွင့်လွှတ်ခဲ့ပြီ။ ကျမ်းစာက "ထိုသားတော်၏ အသွေး အားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့ သည် ခံရကြ၏။"ဟု ဆိုသည်။ (ကော၊ ၁း၁၄)

*ခရစ်တော်၌ ဖြောင့်မတ်ရာသို့ ရောက်ရ၏*

ဖြောင့်မတ်ရာသို့ ရောက်ခြင်းဆိုသည်မှာ အဘယ်နည်း။ ဖြောင့်မတ်ပြီ ဖြစ်ကြောင်း ကြေညာခြင်းကိုခံရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ မည်ကဲ့သို့ ဖြောင့်မတ်ခြင်းသို့ ရောက်သနည်း။ ခရစ်တော်၌ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်း ဖြစ်သည်။ သခင်ယေရှုသည် ပကတိ စုံလင်ဖြောင့်မတ်သောကြောင့် ယခု ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၌ ဖြောင့်မတ်ပြီ ဖြစ်ကြောင်းမြင် တော်မူသည်။ ကျွန်ုပ်တို့ ဖြောင့် မတ်ခြင်းသို့ ရောက်ရန် သူသည် ကျွန်ုပ်တို့၏အပြစ်များကို ယူတင်တော်မူ၏။

*ခရစ်တော်၌ ဘုရားသခင်၏အနီးတော်သို့ ရောက်ရပြီ*

အပြစ်သား တယောက်အဖြစ် ဘုရားသခင်နှင့် အဆက်ပြတ်ခဲ့ရသည်။ ဘုရားသခင်၏ ရှေ့တော်မှောက်သို့ လာရန် ကြောက်ရွံ့သည်။ သို့သော် ယခု ယေရှုခရစ်တော် အားဖြင့် ဘုရားသခင်၏ ရှေ့တော်သို့ ရဲရင့်စွာ တိုးဝင်ခြင်းအခွင့်ကို ရကြသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်၏အသွေးတော်သည် ကျွန်ုပ်တို့၏ အပြစ်ရှိသမျှကို ဆေးကြောခဲ့ပြီ ဖြစ်သည်။ ကျမ်းစာက "သင်တို့သည် အထက်ကဝေးလျက် ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။" ဟု ဆိုသည်။(ဧ၊ ၂း၁၃)

*ခရစ်တော်၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လက်ခံပြီ*

ကယ်တင်ခြင်းသို့ မရောက်မှီ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရန်သူများ ဖြစ်သည်။ ယခု ဘုရားသခင်သည် ချစ်တော်မူ သော မိမိ၏သားတော်အားဖြင့် ကျွန်ုပ်တို့ကို လက်ခံတော်မူသည်။ ကျွန်ုပ်တို့ကို ဘုရားသခင် အဘယ်ကြောင့် လက်ခံတော်မူသနည်း။ ကျွန်ုပ်တို့ ခရစ်တော်၌ရှိသောကြောင့် ဖြစ်သည်။ ကျမ်းစာ က "ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည့် အကြောင်း၊ အလိုတော်ရှိသော စေတနာစိတ်အတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏" ဟုဆိုသည်။(ဧ၊ ၁း၆)

*ခရစ်တော်၌ သန့်ရှင်းခြင်းကို ပြုလုပ်ပေးတော်မူသည်*

ဘုရားသခင်၌ ယုံကြည်သူအတွက် နာမည်အသစ် ရှိတော်မူသည်။ ဘုရားသခင်သည် ယုံကြည်သူကို "ယေရှုခရစ်၌ သန့်ရှင်းသူ"ဟု ခေါ်တော်မူသည်။ "သန့်ရှင်းသူ" ဟူသော စကား၏အနက်မှာ "သန့်ရှင်းစင်ကြယ်သောသူ" ဖြစ်သည်။ ဘုရားသခင်၏ အမြင်၌ ယုံကြည်သူသည် ခရစ်တော်၌ သန့်ရှင်းသူ ဖြစ်သည်။ ပင်ကိုယ်အားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းခြင်း မရှိပါ။ သို့သော် ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို မြင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ဘုရား၏ရှေ့မှောက်ရပ်စဉ် ခရစ်တော်၏ သန့်ရှင်းခြင်းထဲ၌ ရပ်နေရခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် "ခရစ်တော်၌ သန့်ရှင်းသူ" ဖြစ်သည်။

*ခရစ်တော်၌ ဘုရားသခင်၏တံဆိပ်ခတ်ခြင်းကို ခံရပြီ*

ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများ ဖြစ်ကြပြီ၊ ကျွန်ုပ်တို့၏ ခရီးလမ်းဆုံးသည် ကောင်းကင်ဘုံဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်၌ တည်စေပြီ၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့ကို တံဆိပ်ခတ် တော်မူ၏။ ကျမ်းစာ က"...ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊ ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ"ဟု ဆိုသည်။ (ဧ၊ ၁း၁၃)

*ခရစ်တော်၌ ကျွန်ုပ်တို့ စုံလင်ခြင်းသို့ရောက်ရပြီ*

ခရစ်ယာန်အသက်တာ အသက်ရှင်ရန် ကျွန်ုပ်တို့၌ လိုအပ်သော အရာ အားလုံးသည် ခရစ်တော်၌ ရှိတော်မူသည်။ ကျွန်ုပ် တို့သည် ခရစ်တော်၌ စုံလင်ခြင်း ရှိသည်။ ကျမ်းစာက" အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။–အထွဋ်အမြတ်၊ အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်း ရှိကြ၏။"ဟု ဆိုသည်။(ကော၊ ၂း၉–၁၀) ခရစ်တော်၌ရှိခြင်း၏ ဆိုလိုခြင်းကို ဖေါ်ပြသော ကျမ်းချက် အနည်းငယ်မျှကိုသာ ကျွန်ုပ်တို့ စဉ်းစားခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် အာဒံထဲ၌ မရှိတော့ပါ။ ယခု ခရစ်တော်၌ ကျွန်ုပ်တို့ ရှိကြပြီဖြစ်သည်။ ဤသို့ ဆိုသော် ကျွန်ုပ်တို့ နောက်တဖန် အပြစ်ကို ပြုလုပ်လိမ့်မည်မဟုတ် ဟု ဆိုလိုသလော။

ထိုသို့ ဆိုလိုခြင်း မဟုတ်ပါ။ ကောရိန်သုရှိ ယုံကြည်သူများထံ ရှင်ပေါလု ရေးသားသောစာ၌ နားလည်ရန် ခက်သော အကြောင်းအရာအချို့ကို ကျွန်ုပ်တို့ တွေ့ရသည်။ တဖက်၌ ရှင်ပေါလုသည် ယုံကြည်သူများကို "သန့်ရှင်းသူ"နှင့် သူသည် ထိုသူများကို"ယေရှုခရစ်၌ သန့်ရှင်းစင်ကြယ်သောသူ" ဟုပြောဆိုရေးသား ထားပါသည်။ အခြားတဖက်၌ ထို စာထဲတွင် ပေါလုသည် သူတို့ အသက်တာထဲရှိ ကြောက်ဖွယ်ကောင်းသော ဒုစရိုက်အပြစ်များကို ပြောဆိုထားပါသည်။ အချို့သည် မာနထောင်လွှားခြင်း၊ အချင်းချင်း ရန်တွေ့ခြင်းနှင့် အချို့တို့သည် အကျင့် စာရိတ္တပိုင်းဆိုင်ရာ၌ အပြစ်ရှိကြသည်။ ဤအကြောင်းအရာကို မည်ကဲ့သို့ ရှင်းလင်း ပြောဆိုမည်နည်း။ ရှင်ပေါလုက သူတို့ကို "ခရစ်တော်၌သန့်ရှင်းသူ" ဟု အဘယ်ကြောင့် ပြောဆိုနိုင်ရသနည်း။ တချိန်တည်း၌ သူတို့သည် ခရစ်ယာန်အသက်တာ အသက်ရှင်ခြင်း၌ ကျင်လည် အသက်ရှင်ခြင်း မရှိကြပါ။ ဤမေးခွန်းများကို ဖြေရန်အတွက် ကျွန်ုပ်တို့၏ ရပ်တည်ချက်(အဆင့်အတန်း)နှင့် ကျွန်ုပ်တို့၏အခြေအနေ (အနေအထား) တို့အကြား မတူညီခြားနားချက်ကို ကျွန်ုပ်တို့ သိရှိနားလည်ရမည်။

ကျွန်ုပ်တို့၏ရပ်တည်ချက် ဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့၏ ရပ်တည်ချက်သည် ခရစ်တော်၌ ရှိနေသော ကျွန်ုပ်တို့ကို မြင်သော ဘုရားသခင်၏ အမြင် ဖြစ်သည်။ ခရစ်တော်၌ ဘုရားသခင် ကျွန်ုပ်တို့ အတွက် ပြုတော်မူ သောအရာ အားလုံး ပါဝင်သည်။ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ အား စုံလင်သော ရပ်တည်ချက်ကို ပေးတော်မူသည်။ ကျွန်ုပ်တို့၏ ရပ်တည်ချက်သည် အစဉ်အမြဲ စုံလင်ခြင်း ရှိပါသလား။ အမှန်ပင် စုံလင်တော်မူသည်။ အဘယ်ကြောင့်နည်း။ ခရစ်တော်၌ ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြုလုပ်ပေးခဲ့သောအရာများအပေါ် မူတည် သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသည်။ ခရစ်တော်၌ ကျွန်ုပ်တို့သည် စုံလင်လျှက် ရှိခြင်းကို ဘုရားသခင် မြင်တော်မူသည်။ ကျမ်းစာက "အကြောင်းမူကား၊ စင်ကြယ်သော သူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တခါတည်း ပူဇော်ခြင်းအား ဖြင့် ပြုတော်မူ၏"ဟု ဆိုသည်။ (ဟေဗြဲ၊ ၁၀း၁၄)

ကျွန်ုပ်တို့၏အခြေအနေ(အနေအထား) ဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့၏ အခြေအနေသည် မြေကြီးပေါ်၌ ကျွန်ုပ်တို့ အသက်ရှင် လျှောက်လှမ်းသော လမ်း ဖြစ်သည်။ ကျမ်းစာက ကျွန်ုပ်တို့၏ "လျှောက်လှမ်းခြင်း"ဟု ပြောဆိုသည်။ ကျွန်ုပ်တို့၏ အခြေအနေသည် အစဉ် စုံလင်ခြင်း ရှိပါသလား။ စုံလင်ခြင်း မရှိပါ။ ကျွန်ုပ်တို့၌ ရှိသော အရာများအပေါ် မူတည်၍ ရှိနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်နှင့် ပြည့်လျှက် ရှိသည်။ ကျမ်းစာက"ကိုယ်အပြစ်မရှိဟု ငါတို့သည် ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြား ကြ၏။ ငါတို့၌ သစ္စာတရားမရှိ။"ဟု ဆိုသည်။(၁ယော၊ ၁း၈) ကျွန်ုပ်တို့၏ ရပ်တည်ချက်သည် ခရစ်တော်၌ရှိသော ကျွန်ုပ်တို့ကို ဘုရားသခင် မြင်သော အမြင်ဖြစ်ခြင်း နှင့် ကျွန်ုပ်တို့၏အခြေအနေသည် မြေကြီးပေါ် ကျွန်ုပ်တို့ အသက်ရှင် လျှောက်လှမ်းခြင်း ဖြစ်သည်ကို ကျွန်ုပ်တို့ အမှတ်ရခဲ့သော် ကျွန်ုပ်တို့၏ ခရစ်ယာန် အသက်တာ၌ အထောက်အကူ ဖြစ်လိမ့်မည်။ ဘုရားသခင်၏အမြင်၌ ကျွန်ုပ် တို့သည် ခရစ်တော်၌ အစဉ်စုံလင်ခြင်း ရှိပြီ၊ ကိုယ်တိုင်၌မူကား ကျွန်ုပ်တို့သည် ဒုစရိုက် အပြစ်၌ ရှိကြသည်။

ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ ကျေနပ်ရောင့်ရဲလျက် အသက်ရှင်ရန် ဖြစ်သည်ဟု ဆိုလိုပါသလား။ ထိုသို့မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ တနေ့နောက်တနေ့ အသက်ရှင်ခြင်းသည် ခရစ်တော်၌ ကျွန်ုပ်တို့၏ ရပ်တည်ချက်သို့ မြင့်တက်လာရန် အလိုတော် ရှိသည်။ ကျွန်ုပ်တို့သည် "ခရစ်တော်၌သန့်ရှင်းသူ" များဖြစ်ကြသည်။ ကျွန်ုပ်တို့၏နေ့စဉ် အသက်ရှင်ခြင်း၌ သန့်ရှင်းခြင်းရှိရန် ဘုရားသခင် အလိုရှိသည်။ ကျမ်းစာက"သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည် နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။"ဟု ဆိုသည်။(၁ပေ၊ ၁း၁၅)

*ကျွန်ုပ်တို့ မည်ကဲ့သို့ သန့်ရှင်းနိုင်ကြမည်နည်း။*

ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့သည် "ယုံကြည်ခြင်း" ဖြင့် "လျှောက်လှမ်းရန်" ဘုရားက ပြောဆိုပါသည်။ ဤအဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် ခရစ်တော်၌ ရှိနေကြောင်းကို သိမှတ်ယုံကြည်ထားရန် ဖြစ်သည်။ ကျမ်းစာက "သင်တို့ သည် သခင်ယေရှုကို ခံယူပြီးသည်ဖြစ်၍ ယုံကြည်ခြင်း၌မြဲမြံစွာ စွဲလမ်း လျှက်... ယုံကြည်ခြင်း တိုးပွားပြည့်စုံလျှက်၊ ထိုသခင်၌ ကျင် လည် ကြလော့"ဟုဆိုသည်။ (ကော၊ ၂း၆–၇)။ ယခု ခရစ်ယာန်အသက်တာ၏ ကြီးစွာသော လျှို့ဝှက်ချက်မှာ အောက်ပါအကြောင်းအရာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ရပ်တည်ချက်၌ ယုံကြည်ခြင်း ရှိပါ။ ကျွန်ုပ်တို့၏အသက်တာ၌ ရပ်တည်ချက်အတိုင်း ဇကန်အမှန် ဖြစ်လာရန် ပြုလုပ်ပါ။ ကျွန်ုပ်တို့သည် "ခရစ်တော်၌သန့်ရှင်းသူ" ဖြစ်ကြောင်းကို အကျွန်ုပ် မြင်သော် ကျွန်ုပ်၏ နေ့စဉ်အသက်တာသည် ကျွန်ုပ်၌ သန့်ရှင်းခြင်း ရှိလာပေလိမ့်မည်။ ကျွန်ုပ်တို့သည်"ယေရှုခရစ်တော်၌ သန့်ရှင်းသူများ" ဖြစ်ကြသည်ဟု မြင်သော် သန့်ရှင်းသူများ ရှင်သင့်သော အသက်ရှင်ခြင်း၌ အသက်ရှင် ရန် သင်သည် အစပြု လာပေလိမ့်မည်။ ကျွန်ုပ်တို့သည် စစ်မှန်သော "ဘုရားသခင်၏

သားများ” ဖြစ်ကြသည် ကို အမှန်မြင်သော် ဘုရားသခင်၏သားများ ရှင်သင့်သော အသက်ရှင်ခြင်း၌ အသက်ရှင် ရန် ကျွန်ုပ်သည် အစပြုလာပေလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထဲ၌ရှိကြောင်းကို သိမှတ်ယုံကြည်လာခြင်းနှင့် အတူ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အသက်တာ၌ ယုံကြည်ခြင်းရှိသည့်အတိုင်း ၎င်းအရာများကို ဧကန်အမှန် ဖြစ်လာရန် ပြုလုပ်ပေးလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်ထဲ၌ တည်စေတော်မူသည်။ အကျွန်ုပ် ကိုယ်တိုင်၌ ကျွန်ုပ်သည် ဘာမျှ မဟုတ်ပါ။ ခရစ်တော်၌ အကျွန်ုပ်သည် အရာခပ်သိမ်း စုံလင်ခြင်း ရှိတော်မူသည်။ ဆုတောင်းချက်။ အဖဘုရားသခင် ကျွန်ုပ်သည် ခရစ်တော်ထဲ၌ရှိကြောင်းကို မြင်ရန် အကျွန်ုပ်ကို မစတော်မူပါ။ ကျွန်ုပ် ကို ကိုယ်တော်၏ ချစ်တော်မူသော သားတော်ထဲ၌ လက်ခံခဲ့ပြီးကြောင်းနှင့် သားတော်၌ အကျွန်ုပ်သည် သန့်ရှင်းပြီး ဖြစ်ကြောင်း ယုံကြည်နိုင်သော စိတ်နှလုံးကို ပေးတော်မူပါ။ ကိုယ်တော်၏ကျေးဇူးတော်ကြောင့် ကိုယ်တော်၏သား၌ ရှင်သင့်သော အသက်ရှင်ခြင်း၌ အသက်ရှင်နိုင်ရန် အကျွန်ုပ်၌ ပြုတော်မူပါ။ အာမင်။ **(အန်ဒရူး)**

---

## *ကျွန်တော်နှင့်မုန်တိုင်းဒေသအမှတ်တရ(၆)*

(ယခင်လမှအဆက်) ၂၆ ရက်နေ့ညက လှူမဲ့ငွေများ ကုန်သွားလို့ တခြားရွာသို့ ဆက်လှူသင့် မလှူသင့်။ သွားသင့် မသွားသင့် ဆုံးဖြတ်ရ ခက်ခဲ့တဲ့ ကျွန်တော်တို့ အဖွဲ့ဟာ ၂၇ ရက်နေ့ မနက်မှာတော့ အဘ သင်းအုပ်ဆရာရဲ့ ပြတ်သားတဲ့ ရူပါရုံ၊ ဆုံးဖြတ်ချက်နဲ့အတူ နောက်ဆုံးနေ့အဖြစ် ရွာသုံးရွာကို သွားရောက် လှူဒါန်းဆေးကုသ ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီနေ့ ညနေမှာဘဲ ရန်ကုန်ပြန်ဖို့ ရှိတာကြောင့် ရွာသုံးရွာ စလုံးကို အဖွဲ့သား အားလုံး တပြိုင်တည်း မသွားတော့ဘဲ ရွာကြီးတစ်ရွာကို Mobile အဖွဲ့က သွား၍ ကျန်သော ရွာငယ် နှစ်ရွာကို Stationary အဖွဲ့က သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်လဲ ရွာကြီးကို သွားမဲ့ လူငယ်ဆရာဝန်လေး အဖွဲ့နဲ့ လိုက်ဖို့ ဆုံးဖြတ်ခဲ့တာကြောင့် ကျန်တဲ့ ရွာငယ်နှစ်ရွာကို မရောက်ဖြစ်ခဲ့ပါဘူး။ အခုလို နောက်ဆုံးပိတ် တစ်ရက်ထဲမှာ အဖွဲ့ ခွဲသွားရတဲ့အတွက် ကျွန်တော် မလိုက်ဖြစ်တဲ့ ရွာငယ် နှစ်ရွာ အကြောင်းကို မှတ်တမ်းတင် မရေးသားနိုင်တာကြောင့် အဲဒီရွာကို လိုက်သွားတဲ့ သူတွေထဲက အန်ကယ်ထွန်း(မင်းဟသ်ာ)ကို အကူအညီ တောင်းပြီး ကျွန်တော့် ကိုယ်စား ခရီးသွားမှတ်တမ်းရေးပေးဖို့ ပန်ကြားတဲ့အခါ မင်းဟသ်ာက လိုလိုလားလား လက်ခံရေးသားပေးခဲ့ပါတယ်။ နောက်ဆုံးနေ့က ကျွန်တော် ရောက်ဖြစ်တဲ့ ရွာကြီး တစ်ရွာအကြောင်းကို နောက်လမှာ ဇာတ်သိမ်းပိုင်း အနေနဲ့ ရေးသားတင်ဆက်ပေးပါ့မယ်။ အခုလ မှာတော့ မင်းဟသ်ာ ရေးထားတဲ့ ရွာနှစ်ရွာအကြောင်းကို တင်ဆက်လိုက်ပါတယ်။ မင်းဟသ်ာ က သူ ရောက် ဖြစ်ခဲ့တဲ့ ရွာ နှစ်ရွာက ကျဉ်းမြောင်းတဲ့ ချောင်းဖျားမှာရှိလို့ ကူညီမဲ့ လူတွေ လှေနဲ့ မလာရောက် နိုင်တာ ဖြစ်တဲ့ အတွက် သူ့ရဲ့ မှတ်တမ်းစာမူကို “လူသူမရောက်၊ ချောင်းဖျားကြောင့်“ လို့ ကဗျာဆန်ဆန် နာမည် ပေးထားပါတယ်။
**(မင်းအောင်သက်လွင်)**

## *နတ်မောက်ရွာနှင့် လူသူမရောက် ချောင်းဖျားကြောင့်–ရွာ* (မင်းဟသ်ာ)

ယနေ့ (၂၇-၆-၂၀၀၈)သည် ရန်ကုန်မြို့သို့ ပြန်ရမည့်နေ့ဖြစ်သဖြင့် အိပ်ရာမှ အစောကြီး နိုးနေပါသည်။ ရန်ကုန်သို့ညနေမှ ပြန်ရန်ဖြစ်သဖြင့် နောက်ဆုံးပိတ် အကူအညီပေးရမည့် နတ်မောက်ရွာ (ကျွန်းညိုကြီး ကျေးရွာအုပ်စု) သို့ ခရီး မစတင်မီ ပြုလုပ်နေကျ အဖွဲ့လိုက်နံနက်ဝတ်ပြုစည်းဝေးတွင် သီချင်းဆို ဆုတောင်းကြပြီး အဘ သင်းအုပ်ဆရာကြီးမှ အစီအစဉ်များပြောကြား ပါသည်။ ကျွန်တော်တို့ အဖွဲ့တွင် စင်္ကာပူမှ ဆရာဝန်မကြီးနှင့် သင်းအုပ်ဆရာ၊ စင်္ကာပူမှ အသင်းတော်လူကြီး တစ်ချို့၊ သူနာပြုများ၊ စင်္ကာပူတယောဆရာ၊ အင်းစိန်မှ ဧဝံဂေလိဆရာမများ စသည်ဖြင့် လူအတော်စုံလှပါသည်။ အဖွဲ့သားများသည် ဆေးပစ္စည်း၊ လှူရန်ပစ္စည်းများကို လှေပေါ်တင်ပြီး နံနက် ၇း၄၀ တွင် ဘိုကလေး ဆိပ်ကမ်းမှ နတ်မောက်ရွာ သို့ ခရီးစတင် ထွက်ခဲ့ပါသည်။ လမ်းခရီးတွင် အင်းစိန်မှ ဧဝံဂေလိဆရာမက ပျက်စီးခဲ့သော ရွာများအကြောင်း ပြောပြရာ စုတ်တသပ်သပ် ဖြစ်ရပါသည်။ ကျွန်းညိုရွာတွင် တစ်ရွာလုံး (သင်းအုပ်ဆရာအပါအဝင်) သေဆုံးကြောင်း ကွမ်းသီးချောင်း ကျေးရွာတွင် လူ(၄၅၀)ရှိရာ (၁၅၀)ခန့် သေဆုံးကြောင်း ရွာသစ်တစ်ရွာလုံး ပြောင်သွားကြောင်း၊ အိုး.... အနိဋ္ဌာရုံများ သိရှိရသည် မှာ မပြေးပဲနှင့် ရင်မော ရပါသည်။ ထိုရွာများသို့ အချိန်မရ၍ မရောက်ခဲ့သော်လည်း အသွားခရီး လှေပေါ်မှ ဓါတ်ပုံ လှမ်းရိုက်ရာ ကျွန်းပေါ်တွင်ပျက်စီးနေသည့်အိမ်များ၊ လေဒဏ်ခံခဲ့ရသည့် အုန်းပင်များ အုန်းလက်များ အရိုးပြိုင်းပြိုင်းသာ ကျန်နေခဲ့ သည်ကို တွေ့ရှိရာ စစ်ပွဲ တစ်ပွဲပြီးနောက် ကျန်ခဲ့သော စစ်တလင်းပြင် အလား ထင်မှားရပါသည်။ အော် ... တကယ် ခံခဲ့ရသည့် ရွာသူရွာသားတွေရဲ့ ဘဝကို မတွေးရဲပါ၊ အများစုမှာ ဒုက္ခရောက်၊ တစ်ချို့မှာ အသက်ပျောက်ပြီးခဲ့ပါပြီ။

နတ်မောက်ရွာအဝင် ချောင်းထဲသို့ လှေဝင်ရောက်သည့်အခါ ကမ်းစပ်တွင် လူဦးခေါင်းခွံနှင့် အရိုးစုများကိုတွေ့ရှိရလို့ ရင်တုန်ရပါသေးသည်။ နတ်မောက်ရွာသို့ လှေကပ်သောအခါ ကမ်းနဖူးတွင် ရေထဲခုန်ချဆော့ကစားနေကြသော ကိုယ်လုံးတီးနှင့် ကလေးများကို တွေ့ရှိခဲ့ရာ၊ ရောမမြို့ကြီး မီးလောင်နေလည်း နီရိုးဘုရင်စောင်းတီးမပျက် သည့်အလား၊ လူကြီးမိဘများ ဒုက္ခဝေ နေလင့်ကစား ကလေး များတော့ အပူအပင်မရှိ ပျော်ရွှင်စွာ ဆော့ကစား နေကြပါကလားလို့ တွေးမိပြီး ကလေးတွေအတွက် ကြည်နူးရပါသေးသည်။ နတ်မောက်ရွာသို့ လှေဆိုက်ပြီး ရွာထဲက သင်းအုပ်ဆရာ အိမ်သို့ အဖွဲ့သား အားလုံးရောက်သွားကြကာ စင်ကာပူမှ လိုက်လာသော လက်ထောက် သင်းအုပ်ဆရာမှ စင်္ကာပူရောက် မြန်မာ ဆရာဝန်၊ ဆရာမများ၊ စင်္ကာပူ ဂျပ်ဆင် နှစ်ခြင်း အသင်းတော်မှ စေတနာရှင်များက ဆေးကုသ ပေးခြင်းဖြင့် အကူအညီ ပေးရန် လာ ရောက်ခြင်း ဖြစ်ကြောင်းပြောပြပါသည်။ သင်းအုပ် ဆရာ အိမ်ဘေးနား တွင် အသင်းတော် ဘုရားရှိခိုးကျောင်းလုံးဝ ပျက်စီး နေသည် ကိုတွေ့ရပြီး အိမ်များ ပျက်စီးသွား၍ ပြန်လည်ပြင်ဆင် ထားသည့် အခြေအနေကို ပြောပြပါသည်။ ရွာတွင် အိမ် (၇၀)ကျော်ရှိပြီး လူဦးရေမှာ ကျား(၁၉၀) မ(၁၇၉)ယောက်ရှိပြီး လုံးဝပျက်စီး၍ ပြန်လည် ပြုပြင် တည်ဆောက်ရသော အိမ် အလုံး(၆၀) ရှိကြောင်း ရွာမှလူကြီးမှ တင်ပြ လာပါသည်။ ရွာသို့လည်း ဆရာဝန် ပုံမှန်လာကြောင်း၊ မနေ့ကပဲ ပြန်သွား ကြောင်း၊ ထို့ကြောင့် ဆေးကုသရန် လူနာ မရှိကြောင်း၊ တခြားခြင်ထောင်၊ ဖျာ၊ ဆန် အကူ အညီ ပေးခဲ့ပါက ဝမ်းသာမည်ဖြစ်ကြောင်း၊ နတ်မောက်ရွာမှ ချောင်း အတိုင်း တက်သွားပါက နာဂစ် အကူအညီ တစ်ခါမှ မရခဲ့သော ချောင်းဖျားရွာသို့ ဆေးအဖွဲ့ကူညီသူ စေလွှတ်နိုင်က စေလွှတ် ပေးရန် ပြောကြားသဖြင့် နံနက် ၁၀နာရီတွင် နတ်မောက်ရွာ မှထွက်ခွါခဲ့ရာ ချောင်း ဖျားရွာသို့ ၁၀း၂၀ နာရီတွင် ရောက်ရှိသွားပါ သည်။ နာဂစ် အကူအညီ မရောက် ရခြင်းကို ယင်းရွာ ရောက်မှ နားလည်ရပါသည်။

ချောင်းဖျားရွာသည် ကျဉ်းမြောင်းသော ချောင်း၏ အဖျားနားတွင် တည်ရှိပြီး လှေကြီးများ မဝင်ရောက် နိုင်သဖြင့် ကူညီမည့်သူ မည်သူမျှ မရောက်ရှိသေးပါ။ ရွာတွင် လူဦးရေ(၄၀)ရှိရာ မုန်တိုင်းဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရာမှ ယခု(၂၀)ဦး ပြန်လည်ရောက်ရှိလာကြောင်း၊ ရွာ၏ ဘုန်းကြီးကျောင်း ပြိုလဲနေပြီး ယင်း ဘုန်းကြီးကျောင်းဝင်းထဲတွင်ပင် ရွာမှလူများကိုစုဝေးစေပြီး မိမိတို့အဖွဲ့အကြောင်း သင်းအုပ်ဆရာမှ ရှင်းလင်းပြောကြားပြီး မည်ကဲ့သို့ အကူအညီ ပေးစေလိုချင်ကြောင်း မေးမြန်းရာ ရွာလူကြီးက စားစရာ၊ သောက်စရာ၊ ဆန်၊ ဆီ၊ ဆားများကို ပေးလှူရလျှင် လှေ ဆယ်စီးစာ တောင် လုံလောက်မည် မဟုတ်ကြောင်း ရွာထဲတွင် ယခုလောလော ဆယ်ဆယ် လူနာမရှိလို့ ဆေးကုသဘို့လည်း မလိုကြောင်း၊ ရွာမှလူများ သွားလာရေး အလွန် ခက်ခဲနေ၍ အရှည်ဆယ်တောင်ရှိ သောလှေ တစ်စီးသာ လိုချင်ကြောင်း လှေရှိပါက ရွာမှလူများ တခြားရွာနှင့် အဆက် အသွယ်ရ သွားလာလို့ ရပြီး ရောင်းဝယ်ကာ၊ သား၊ ငါး ရှာဖွေလုပ်ကိုင်နိုင်ပြီး ဝမ်းစာအတွက် ဖြေရှင်းနိုင်မည် ဖြစ်ပါကြောင်း တင်ပြသဖြင့် ရန်ကုန်မှ အဖွဲ့တွင် ပါလာသော အန်တီကြီးက တန်ဖိုးကို မေးရာ ဆယ်သိန်းဝန်းကျင်ရှိကြောင်း သိရပါသည်။ ယင်းနောက် သင်းအုပ် ဆရာမှ ရွာသူ ရွာသား ကလေး သူငယ်များကို ဆုတောင်း ကောင်းကြီး ပေးခဲ့ပါသည်။ ရွာမှ လူများသည် မယုံ ကြည်သူ ဗမာလူမျိုးများ ဖြစ်ပါသည်။ နတ်မောက် ရွာသို့ ပြန်လည်ထွက်ခွါရာ လှေ ပေါ်တွင်ပင် နံနက်စာ စားကြပြီး နတ်မောက်ရွာသို့ နံနက် ၁၀း၃၀ နာရီတွင် ရောက်ရှိကြပြီး သင်းအုပ် ဆရာအိမ်တွင် ရွာမှလူများနှင့် ဝတ်ပြုကိုးကွယ် မိတ်သဟာယ ပြုလုပ်ခဲ့ရာ စင်္ကာပူ ပြန်ဆရာမက ဧဝံဂေလိတရားကို ရုပ်ပုံ ကား ချပ်ဖြင့် ဟောကြား ပြောကြား ပါသည်။ ပြီးနောက် ဘိုကလေး သို့ ပြန်လည်ထွက်ခွါရာ မွန်းလွဲ ၂း၃၀ နာရီတွင် ဘိုကလေးဆိပ် ကမ်းတွင် တခြားရွာမှ ပြန်လာသော သင်းအုပ်ဆရာကြီး အဖွဲ့နှင့် တွေ့ဆုံပြီး တည်းခိုရာ အိမ်သို့ ပြန်ခဲ့ကြသည်။ ခေတ္တအနားယူပြီး ရန်ကုန်အပြန် ခရီးအတွက် ထုပ်ပိုးပြင်ဆင် ရပါသည်။ စင်္ကာပူမှ ယူလာသော ဆေးများကျန်ရှိနေ သေးရာ ယင်း တည်းခို အိမ် (ပင်စင်စား အရာရှိ အန်တီက စီစဉ်ပေးခဲ့သည်) တွင်ထားခဲ့ပြီး ကားဖြင့် ညနေ ၄း၃၀ နာရီတွင် ရန်ကုန်သို့ ခရီးစတင်ခဲ့ပါ သည်။ ။ ***မင်းဟသ်ာ (အင်းစိန်)***












---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မှီ စဉ် ထုတ် ဝေ သည်